# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၇ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာနည်းဥပဒေ များအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | ကိတ္တိမသားသမီးအဖြစ်မွေးစားခြင်းအကြောင်း သိကောင်းစရာ။ | ၅-၇ |
| ၃။ | ကလေးသူငယ်များ AI အသုံးပြုမှု ကန့်သတ်ချက်များပါဝင်သော အီတလီ နိုင်ငံ၏ဉာဏ်ရည်တုနည်းပညာ(AI)ဆိုင်ရာဥပဒေအကြောင်းသိကောင်းစရာ။ | ၈-၁၀ |
| ၄။ | အမေရိကန်ပြည်ထောင်စုတွင် ကယ်လီဖိုးနီးယားသည် ဥပဒေစိုးမိုးရေး လုပ်ငန်းဆောင်ရွက်စဉ် မျက်နှာဖုံးဝတ်ဆင်ခြင်းကိုတားမြစ်သည့် ပထမဦးဆုံး ပြည်နယ်ဖြစ်လာခြင်း။ | ၁၁-၁၃ |
| ၅။ | ဆူပူရန်ဖြစ်မှုသည် မိမိကိုယ်ကိုသတ်သေခြင်းကို အားပေးသည့်ပြစ်မှု မဟုတ်ကြောင်း အိန္ဒိယတရားရုံးချုပ် ဆုံးဖြတ်ခြင်း။ | ၁၄-၁၆ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၇ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော စာပေနှင့်အနုပညာ မူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကိုအကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာနည်းဥပဒေများအကြောင်း သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ ရောဝတီတိုင်းဒေသကြီး၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာနည်းဥပဒေများ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ရောဝတီတိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ကယားပြည်နယ်၏၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ၊ နိုင်ငံတော်အတွင်း နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့်အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ထပ်မံခံစားခွင့်ပြုခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၀၇/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သော စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာနည်းဥပဒေများတွင် အခန်း (၆) ခန်း နှင့် ပုဒ်မ (၈) ခု တို့ကို ထုတ်ပြန်ကြေညာထားပြီး စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို မှတ်တမ်းထားရှိပေးရန် လျှောက်ထားခြင်း၊ စိစစ်ပြန်ကြားခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ပယ်ဖျက်ခြင်း၊ ဆိုင်းငံ့မိန့်လျှောက်ထားခြင်း၊ စိစစ်ပြန်ကြားခြင်းနှင့် အာမခံထားရှိခြင်း၊ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို အကာအကွယ်ပေးခြင်း၊ ကုန်ကျစရိတ်

ပေးဆောင်စေခြင်းနှင့် အာမခံကြေးစီမံခန့်ခွဲခြင်းစသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ထုတ်ပြန်ထားခြင်း ဖြစ်ပါသည်။

စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးကို မှတ်တမ်းထားရှိပေးရန် လျှောက်ထားလိုသူသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ထံသို့ ပုံစံ(၁)၌ ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားနိုင်ကြောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အချက်အလက်များပြည့်စုံကြောင်းတွေ့ရှိလျှင် မှတ်တမ်းထားရှိခြင်း ဆိုင်ရာမှတ်ပုံတင်စာအုပ်တွင်ဖြည့်သွင်း၍ လျှောက်ထားချက်ကိုလက်ခံကြောင်း ပုံစံ(၂)ဖြင့်လည်းကောင်း၊ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိလျှင် လျှောက်ထားချက်ကိုငြင်းပယ်ကြောင်း ပုံစံ (၃) ဖြင့်လည်းကောင်း လျှောက်ထားသူထံ အကြောင်းကြားမည်ဖြစ်ကြောင်း၊ မှတ်တမ်းထားရှိခြင်းသက်တမ်းသည် လျှောက်ထားချက်အား လက်ခံသည့်နေ့မှစ၍ နှစ်နှစ်ဖြစ်ကြောင်း၊ မှတ်တမ်းထားရှိခြင်း သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၃၀ ကြိုတင်၍ တစ်ကြိမ်လျှင် နှစ်နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသူသည် ပုံစံ (၄) တွင် ပြည့်စုံစွာဖြည့်စွက်၍ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူသည် စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေး ချိုးဖောက်ထားသည်ဟု စွပ်စွဲခံထားရသောပစ္စည်းများကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်း ထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယ ဖြစ်ဖွယ်အထောက်အထားများရှိပါက အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် ပုံစံ(၅)တွင် ပြည့်စုံစွာဖြည့်စွက်၍ ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်ကြောင်း၊ ညွှန်ကြားရေးမှူးချုပ်သည် ဆိုင်းငံ့မိန့် လျှောက်ထားသည့်အချက်အလက်များပြည့်စုံကြောင်းတွေ့ရှိလျှင် လျှောက်ထားချက်ကိုလက်ခံကြောင်း ပုံစံ (၆) ဖြင့်လည်းကောင်း၊ ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိလျှင် လျှောက်ထားချက်ကိုငြင်းပယ်ကြောင်း ပုံစံ(၇)ဖြင့်လည်းကောင်း လျှောက်ထားသူထံအကြောင်းကြားရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူသည်

ပုံစံ(၆)ဖြင့်အကြောင်းကြားသည့်နေ့မှခုနစ်ရက်အတွင်း သတ်မှတ်သည့်အာမခံကြေးကို အကောက်ခွန် ဦးစီးဌာနသို့ပေးသွင်းရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ညွှန်ကြားရေးမှူးချုပ်သည် ဆိုင်းငံ့မိန့်ထုတ်ပေးရန် လျှောက်ထားချက်ကို လက်ခံပြီး လျှောက်ထားသူက အာမခံကြေးပေးသွင်းပါက စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးချိုးဖောက်ပြီး တင်သွင်းသောပစ္စည်းများဖြစ်သည်ဟု ယူဆနိုင်သောခိုင်လုံသည့် အထောက်အထားများတွေ့ရှိလျှင် အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပြန်၍ ဆိုင်းငံ့ထားရမည်ဖြစ်ပြီး ထုတ်ပြန်သည့်ဆိုင်းငံ့မိန့်ကို လျှောက်ထားသူနှင့်တင်သွင်းသူထံ ပုံစံ (၈) ဖြင့် ချက်ချင်းအကြောင်းကြားရမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အကောက်ခွန်ဆိုင်ရာနည်းဥပဒေများနှင့်စပ်လျဉ်း၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၇ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်

## ကိတ္တိမသားသမီးအဖြစ် မွေးစားခြင်းအကြောင်း သိကောင်းစရာ

ကိတ္တိမသားသမီးဆိုသည်မှာ ဓမ္မသတ်များ၌ အမွေခံသားအဖြစ် အထင်အရှားမွေးစားသော သားသမီးကိုခေါ်ပါသည်။ မွေးစားသူသည် မိမိ၏အမွေပစ္စည်းများကို ဆက်ခံစေရန်ရည်ရွယ်၍ မွေးစားသည့်သားသမီးကိုသာ ကိတ္တိမဟုခေါ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မွေးစားသူသည် မိမိ၏အမွေပစ္စည်းများကိုဆက်ခံစေရန်ရည်ရွယ်၍ မွေးစားရမည်ဖြစ်ပါသည်။ ကိတ္တိမသားသမီးမွေးစားခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာဝင်များအတွက် အမွေဆက်ခံနိုင်ရန် တိကျစွာရည်ရွယ်ထားခြင်းဖြစ်ကြောင်း ကိတ္တိမမွေးစားခြင်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄ တွင် ပြဋ္ဌာန်းထားပါသည်။

ဓမ္မသတ်များတွင် ကောက်ယူ၍မွေးသောသားကို အပတိဋ္ဌသားသမီးဟုဖော်ပြထားပြီး ယင်းအပတိဋ္ဌသားသမီးသည် ကိတ္တိမသားသမီးကဲ့သို့ အမွေကိုဆက်ခံစေရန်ရည်စူး၍ မွေးစားသောသားသမီးမဟုတ်ဘဲ အမှတ်တမဲ့မွေးစားသော သားသမီးများသာဖြစ်ပါသည်။

ကိတ္တိမနှင့်အပတိဋ္ဌခြားနားချက်မှာ မွေးစားသည့်မိဘသည် မိမိအမွေကိုဆက်ခံစေရန် ရည်ရွယ်ချက်မရှိဘဲ မွေးစားလျှင် အပတိဋ္ဌဖြစ်ပြီး အမွေဆက်ခံစေရန် ရည်ရွယ်ချက်နှင့် မွေးစားလျှင် ကိတ္တိမဖြစ်ပါသည်။ မွေးစားသူမိဘ၏ရည်ရွယ်ချက်အပေါ်တွင် ကိတ္တိမနှင့်အပတိဋ္ဌ၏ခြားနားကွာခြားချက် တည်ရှိနိုင်ခြင်းဖြစ်ပါသည်။

ကိတ္တိမသားသမီးများသည် သားရင်း၊ သမီးရင်းနှင့်မခြား မွေးစားမိဘ၏အမွေကို ဆက်ခံခွင့်ရှိကြသော်လည်း အပတိဋ္ဌသားသမီးများမှာမူ မွေးစားသည့်မိဘ၌ သားရင်း၊ သမီးရင်းများနှင့် ကိတ္တိမသားသမီးများမရှိမှသာလျှင် အမွေခံစားခွင့်ရှိပါသည်။ သို့ရာတွင် ရရှိမည့်အမွေဝေစုမှာလည်း အပတိဋ္ဌသားသမီးသည် အမွေပုံပစ္စည်း၏တစ်ဝက်သာရရှိပြီး ကျန်တစ်ဝက်သည် မွေးစားမိဘ၏ဆွေမျိုးများကရရှိပါသည်။

မွေးစားမည့်သူသည်အရွယ်မရောက်သေးသူဖြစ်ပါက မိရင်းဖရင်းရှိလျှင် ၎င်းတို့၏သဘောတူညီချက်ကို မွေးစားလိုသူက ရယူရမည်ဖြစ်ပါသည်။ မိဘနှစ်ပါးသက်ရှိထင်ရှားရှိက တစ်ဦးတစ်ယောက်၏

သဘောတူညီမှုဖြင့် ကိတ္တိမမွေးစားခွင့်မရှိပါ။ အသက်၁၈ နှစ်ပြည့်ပြီးသူကိုမွေးစားလိုလျှင် နှစ်ဘက်သဘောတူညီချက်ဖြင့်ပြုလုပ်နိုင်ပြီး ပယ်ဖျက်လိုပါကလည်း နှစ်ဘက်သဘောတူညီချက်ဖြင့်ပင် ပယ်ဖျက်နိုင်ပါသည်။

မွေးစားမိဘတို့တွင် သားရင်း၊ သမီးရင်းများရှိစေကာမူ သားသမီးမွေးစားခွင့်ရှိပြီး မွေးစားမိဘနှစ်ဦးအနက်တစ်ဦးတည်း၏ဆန္ဒဖြင့် မမွေးစားနိုင်ပါ။ ထို့ပြင် ဆွေမျိုးမတော်စပ်သည့်သူနှစ်ဦး သို့မဟုတ် လင်မယားမဟုတ်သူနှစ်ဦးပေါင်းစပ်၍ သားသမီးမမွေးစားနိုင်ပါ။ ရဟန်းတော်များသည်လည်း သားသမီးမမွေးစားနိုင်ပါ။ သားသမီးမွေးစားခြင်းမှာ ပဋိညာဉ်ပြုသည့်သဘောဖြစ်သဖြင့် အသက် ၁၈ နှစ်မပြည့်သေးသူများနှင့် ရူးသွပ်သူများသည် သား၊သမီး မမွေးစားနိုင်ပါ။

အရွယ်ရောက်ပြီးသူများကို မွေးစားခြင်းမပြုရန် တားမြစ်ချက်မရှိသကဲ့သို့ မွေးစားမိဘနှင့် အမျိုးဘာသာမတူသည့်သူတို့အား သားသမီးအဖြစ်မွေးစားရန် တားမြစ်ထားခြင်းမရှိပါ။ သားသမီးမွေးစားပြီးနောက် မွေးစားသည့်မိဘသည် ဗုဒ္ဓဘာသာမှခရစ်ယာန်ဘာသာ သို့မဟုတ် သားသမီးမွေးစားခြင်းကို အသိအမှတ်မပြုသည့်အခြားဘာသာသို့ကူးပြောင်းလျှင် ကိတ္တိမသားသမီးအမွေခံစားခွင့်ဆုံးရှုံးပါသည်။ မွေးစားသည့်မိဘများသည် မိရင်းဖရင်းများနည်းတူ မွေးစားသည့်သားသမီးကို သူတစ်ပါးအားမွေးစားရန် တစ်ဆင့်ပေးနိုင်ပါသည်။

မွေးစားမိဘများသည် မွေးစားခြင်းပယ်ဖျက်လိုပါက ၎င်းတို့ဆန္ဒတစ်ခုတည်းဖြင့် မပယ်ဖျက်နိုင်ပါ။ မွေးစားသားသမီး၏သဘောတူညီချက်ရရှိမှသာ ပယ်ဖျက်နိုင်မည်ဖြစ်ပါသည်။ မွေးစားသည့်သားသမီး သာသနာ့ဘောင်သို့ကူးဝင်လျှင် မွေးစားခြင်းပျက်ပြယ်ပြီး သာသနာ့ဘောင်မှထွက်လာပါက ထပ်မံ၍မွေးစားခြင်း ပြန်လည်ပြုလုပ်ရပါသည်။ သာသနာ့ဘောင်သို့ ခေတ္တယာယီဝင်ရောက်ခြင်းနှင့်တော့ သက်ဆိုင်ခြင်းမရှိပါ။ ကိတ္တိမမွေးစားသားသမီးများသည် ဩရသအခွင့်အရေးကို မရနိုင်ကြောင်းနှင့် ၎င်းတို့သည် မိရင်းဖရင်းထံမှ အမွေဆက်ခံခွင့်ဆုံးရှုံးပါသည်။

ကိတ္တိမမွေးစားခြင်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၅ အရ မွေးစားခြင်းခံရသူသည် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ပါက ၎င်းကိုယ်တိုင်လက်မှတ်ရေးထိုးနိုင်ပြီး ၁၈ နှစ်မပြည့်သေးသူဖြစ်ပါက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အုပ်ထိန်းသူ၏သဘောတူညီချက်ဖြင့် လက်မှတ်ရေးထိုးချုပ်ဆိုပြီး အနည်းဆုံး အသိသက်သေနှစ်ဦးမှလက်မှတ်ရေးထိုးကာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ ၁၆(စ)အရ မှတ်ပုံတင်သွင်းမှသာလျှင် မွေးစားခြင်း တရားဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၇ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်

## ကလေးသူငယ်များ AI အသုံးပြုမှုကန့်သတ်ချက်များပါဝင်သော အီတလီနိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာ (AI) ဆိုင်ရာဥပဒေအကြောင်း

အီတလီနိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာ (AI) ဆိုင်ရာဥပဒေ (Artificial Intelligence Law No.1146-B(2025) ကို ၁၇-၉-၂၀၂၅ ရက်နေ့တွင် အီတလီပါလီမန်က အတည်ပြုပြဋ္ဌာန်းလိုက်ပြီ ဖြစ်ပါသည်။ ဤဥပဒေသည် အီတလီနိုင်ငံတစ်ဝန်းလုံး၌ AI ကိုမည်သို့အသုံးပြုနိုင်မည်ကို အဆုံးအဖြတ်ပေးသည့်ဥပဒေတစ်ခုဖြစ်ပြီး EU ၏ AI Act နှင့်ကိုက်ညီစွာ ပြဋ္ဌာန်းထားသည့်ဥပဒေတစ်ခုဖြစ်ပါသည်။

EU နိုင်ငံများအတွင်း၌ အီတလီနိုင်ငံသည် AI အသုံးပြုမှုကြီးကြပ်ရေးအတွက် ပြီးပြည့်စုံသော ဥပဒေချမှတ်နိုင်သည့် ပထမဆုံးသောနိုင်ငံဖြစ်ပါသည်။ ဉာဏ်ရည်တုနည်းပညာ (AI) အသုံးပြုမှုကြီးကြပ်ရေးအတွက် deepfakes ကဲ့သို့ နစ်နာမှုကိုဖြစ်စေသည့် နည်းပညာအသုံးပြုသူအပေါ် ထောင်ဒဏ်သတ်မှတ်ချက်များနှင့် ကလေးသူငယ်များ AI အသုံးပြုမှုကန့်သတ်ခြင်းတို့အပါအဝင် ပြီးပြည့်စုံသောဥပဒေချမှတ်နိုင်သည့် ပထမဆုံးသောနိုင်ငံလည်း ဖြစ်ပါသည်။

ဤဥပဒေတွင် အခန်း ၆ ခန်းပါရှိပြီး ပုဒ်မ ၂၈ ခုဖြင့် ဖွဲ့စည်းထားပါသည်။ အခန်း ၁ တွင် AI အသုံးပြုရေးအတွက် အခြေခံမူများ၊ ရည်ရွယ်ချက်များနှင့် အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ အခန်း ၂ တွင် ကျန်းမာရေးစောင့်ရှောက်မှု၊ သုတေသနပြုမှု၊အလုပ်အကိုင်၊ ပြည်သူ့စီမံခန့်ခွဲရေးနှင့် တရားမျှတရေး ကဲ့သို့သော သီးသန့်ကဏ္ဍများရှိ AI အသုံးပြုမှုဆိုင်ရာစည်းမျဉ်းများ၊ အခန်း ၃ တွင် AI အတွက် နိုင်ငံအဆင့်မဟာဗျူဟာတည်ထောင်ခြင်း၊ အခန်း ၄ တွင် ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှု (privacy) ကာကွယ်ခြင်းနှင့် မူပိုင်ခွင့်ဆိုင်ရာကာကွယ်ခြင်း၊ အခန်း ၅ တွင် ဥပဒေနှင့်ကိုက်ညီခြင်းမရှိဘဲ AI အသုံးပြုမှုအပေါ်ပြစ်ဒဏ်ပေးရေးအတွက် ပြစ်မှုဆိုင်ရာဥပဒေကို ပြင်ဆင်ခြင်းနှင့် အပိုင်း ၆ တွင် ဘဏ္ဍာရေးဆိုင်ရာပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ The Agency for Digital Italy and the National Cybersecurity Agency သည် ဤဥပဒေကို အကောင်အထည်ဖော်သည့်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

ဤဥပဒေတွင် သိသာထင်ရှားသောထူးခြားချက်တစ်ခုမှာ ကလေးသူငယ်များကို AI အသုံးပြုမှု ကန့်သတ်ချက်ကိုထည့်သွင်းထားခြင်းဖြစ်ပါသည်။ ကလေးသူငယ်များအတွက် AI လက်လှမ်းမီမှု ဆိုသည်မှာ AI စနစ်များအသုံးပြုမှုကို မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ ကြိုတင်သဘောတူညီချက်ဖြင့် သာလျှင် အသုံးပြုခွင့်ရခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ထို့သို့ကန့်သတ်မှုထည့်သွင်းရခြင်းမှာ ၂၀၂၅ ခုနှစ် ဧပြီလက ကယ်လီဖိုးနီးယားပြည်နယ်တွင် အသက်၁၆နှစ်အရွယ်ရှိ ယောကျာ်းလေးတစ်ဦးသည် ChatGPT က ပြောကြားသည့်၊ဖော်ပြသည့်အတိုင်း ကြိုးဆွဲချ၍ အဆုံးစီရင်ခဲ့သည့်အဖြစ်အပျက်တစ်ခုဖြစ်ပွားခဲ့ခြင်းကြောင့်ဖြစ်သည်ကို လေ့လာတွေ့ရှိ ရပါသည်။ ထိုအဖြစ်အပျက်တွင် အဆိုပါကလေးသူငယ်က OpenAI ကို အသုံးပြုပြီး ChatGPT ဖြင့် အချိန်များစွာ၊ အကြိမ်များစွာ အမေး-အဖြေများပြုလုပ်ခဲ့ကြောင်း၊ ChatGPT က အဆိုပါကလေး သူငယ်၏မကောင်းသောအတွေးကို အားပေးခဲ့ကြောင်းနှင့် ဘဝကို မည်သို့အဆုံးသတ်နိုင်ကြောင်း စသည့်အချက်အလက်များကိုပေးခဲ့ကြောင်း တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် အဆိုပါကလေးသူငယ်၏ မိဘများက OpenAI ကို ကယ်လီဖိုးနီးယားပြည်နယ်တရားရုံး၌ တရားစွဲဆိုမှုပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့်ယနေ့ခေတ်ကာလတွင် ကလေးသူငယ်များသည် နည်းပညာကိုအသုံးပြု၍ ပိုမိုသည့် ဗဟုသုတများ (over knowledge) လွယ်ကူစွာရရှိနိုင်သောကြောင့် ကလေးသူငယ်များကို AI အသုံးပြုမှု ကန့်သတ်ချက်များထည့်သွင်းလာခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

အီတလီနိုင်ငံ၏ဉာဏ်ရည်တုနည်းပညာ(AI) ဆိုင်ရာဥပဒေသည် အများပြည်သူအကျိုးစီးပွားကို ဦးစားပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် AI ကို ကြီးကြပ်ခြင်း၊ နိုင်ငံသားများ၏အခွင့်အရေးနှင့် အဆိုပါအခွင့်အရေးကို ပြည့်ဝစွာကာကွယ်ပေးနိုင်ခြင်းစသည့် ကဏ္ဍစုံပါဝင်သောဥပဒေတစ်ခု ဖြစ်သည်ကို တွေ့ရှိရပါသည်။

နိဂုံးချုပ်အားဖြင့် ဖွံ့ဖြိုးတိုးတက်မှုအားနည်းသောနိုင်ငံအချို့သည် ခေတ်မီတိုးတက်သော နည်းပညာကိုလက်လှမ်းမီမှုရရှိရန် ကြိုးပမ်းအားထုတ်နေစဉ်အတွင်း အဆိုပါနည်းပညာများ၏ အန္တရာယ်ကိုသိရှိထားရန် လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် AI နည်းပညာ၏ကောင်းကျိုး၊

ဆိုးကျိုးများကိုကြိုတင်လေ့လာ၍ နိုင်ငံနှင့်နိုင်ငံသားများ၏အကျိုးစီးပွားအတွက် ထိုက်သင့်သော သတိပြုမှုဖြင့် ကြိုတင်ကာကွယ်ခြင်းနည်းများကို စီမံဆောင်ရွက်ထားသင့်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

၁။ https://www.theguardian.com/world/2025/sep/18/italy-first-in-eu-to-pass-comprehensive-law-regulating-ai

၂။ https://en.ddg.fr/actualite/italy-adopts-a-national-law-on-artificial-intelligence-law-no-1146-b-2025

၃။ https://www.reuters.com/technology/italy-enacts-ai-law-covering-privacy-oversight-child-access-2025-09-17/

၄။ https://www.csqa.it/en-us/press/intelligenza-artificiale-approvato-il-testo-definitivo-del-ddl-ai

၅။ https://www.eweek.com/news/italy-leads-eu-with-first-national-ai-law/

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၃ ) အမှတ် ( ၂၇ ) ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်

## အမေရိကန်ပြည်ထောင်စုတွင် ကယ်လီဖိုးနီးယားသည် ဥပဒေစိုးမိုးရေးလုပ်ငန်းဆောင်ရွက်စဉ် မျက်နှာဖုံးဝတ်ဆင်ခြင်းကိုတားမြစ်သည့် ပထမဦးဆုံးပြည်နယ်ဖြစ်လာခြင်း

ကယ်လီဖိုးနီးယားပြည်နယ်အုပ်ချုပ်ရေးမှူး ကယ်ဗင်နီယူဆွမ်သည် “No Secret Police Act” ဟုခေါ်သော ရဲတပ်ဖွဲ့၏လျှို့ဝှက်မှုကိုကန့်သတ်သည့်အက်ဥပဒေမူကြမ်းကို ၂၀-၉-၂၀၂၅ ရက်နေ့တွင် လက်မှတ်ရေးထိုးအတည်ပြုလိုက်သည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုတွင် ကယ်လီဖိုးနီးယားသည် ဥပဒေစိုးမိုးရေးအရာရှိများလုပ်ငန်းဆောင်ရွက်စဉ် မျက်နှာဖုံးအကာအကွယ်ဝတ်ဆင်၍ မည်သူမည်ဝါဖြစ်ကြောင်းမထင်ရှားအောင်ပြုလုပ်ခြင်းမှတားမြစ်ပိတ်ပင်သည့် ပထမဦးဆုံးပြည်နယ်ဖြစ်လာသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ကယ်လီဖိုးနီးယားပြည်နယ်၏မြို့ကြီးများ၊ စီရင်စုများ သို့မဟုတ် ဒေသန္တရအစိုးရဌာနများကခန့်ထားသည့် ဥပဒေစိုးမိုးရေးအရာရှိများသည် လည်းကောင်း၊ ပြည်ထောင်စု(ဖက်ဒရယ်)အစိုးရဌာနများနှင့်ကယ်လီဖိုးနီးယားပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်ပြည်နယ်ပြင်ပမှအရာရှိများသည်လည်းကောင်း ၎င်းတို့၏လုပ်ငန်းတာဝန်များဆောင်ရွက်နေစဉ် မိမိတို့၏မျက်နှာများကို ဖုံးကွယ်ထားခြင်းမှ တားမြစ်ပိတ်ပင်ခံရမည်ဖြစ်သည်။

အဆိုပါဥပဒေအသစ်တွင် နှင်းလျှောစီးမျက်နှာဖုံး၊ ခေါင်းစွပ်၊ ဓာတု၊ အဆိပ်အတောက်နှင့် အခြားအန္တရာယ်များမှကာကွယ်သည့် မျက်နှာဖုံးခေါင်းစွပ်အပြင် အလားတူမျက်နှာဖုံးအကာအကွယ်များဝတ်ဆင်ခြင်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားချိန်တွင် မျက်နှာဖုံး သို့မဟုတ် ဦးထုပ်အကာအကွယ်ဝတ်ဆင်ရန်လိုအပ်မည့်အခြေအနေများကိုလည်း အသိအမှတ်ပြုပြဋ္ဌာန်းထားကြောင်း ဖော်ပြထားသည်။

အဆိုပါဥပဒေကိုလိုက်နာဆောင်ရွက်ခြင်းမရှိပါက ရာဇဝတ်မှုအဖြစ် အရေးယူခံရနိုင်သည့်အပြင် ဥပဒေကိုဖောက်ဖျက်ကြောင်းသိလျက်နှင့် မျက်နှာဖုံးစွပ်ကာ လက်ရောက်မှု၊ မှားယွင်းဖမ်းဆီးမှု သို့မဟုတ် မှားယွင်းအကျဉ်းချမှုကဲ့သို့သော ပြည်သူ့အခွင့်အရေးများကိုချိုးဖောက်သည့်အရာရှိများသည် နစ်နာကြေးအဖြစ် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀၀၀၀ ချမှတ်ခံရမည်ဖြစ်သည်။

ပြည်နယ်အုပ်ချုပ်ရေးမှူးက ဥပဒေပြုအဖွဲ့သို့ ပေးပို့သည့်စာတွင် ဤဥပဒေသည် လွန်ခဲ့သောနှစ်များအတွင်း ကြုံတွေ့ခဲ့ရသည့်အနှောင့်အယှက်လုပ်ရပ်များအပေါ် တုံ့ပြန်ခြင်းဖြစ်ကြောင်းကို အလေးအနက်ဖော်ပြခဲ့ပြီး“အမေရိကန်နိုင်ငံသည် မည်သည့်အခါမျှ မျက်နှာဖုံးဝတ်ဆင်သည့်လျှို့ဝှက်ရဲများက ပြည်သူများကိုလမ်းများပေါ်မှဖမ်းဆီးပြီး အမျိုးအမည်မသိသောယာဉ်များဖြင့် ထိန်းသိမ်းသည့်နိုင်ငံမဖြစ်သင့်” ဟု ရေးသားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ခရစ္စတီနိုအဲမ် ဦးဆောင်သည့် အမိမြေလုံခြုံရေးဌာနက ဖော်ပြပါကန့်သတ်ချက်သည် ပြည်ထောင်စုအစိုးရ၏ကယ်လီဖိုးနီးယားပြည်နယ်အတွင်း ဆောင်ရွက်နေသောဥပဒေစိုးမိုးရေးလုပ်ဆောင်ချက်များကိုအားနည်းသွားစေနိုင်ကြောင်း သတိပေးပြီး ပြည်နယ်အုပ်ချုပ်ရေးမှူးနီယူဆွမ်အနေဖြင့် No Secret Police Act ကို ဗီတိုအာဏာသုံးပယ်ချရန် တောင်းဆိုခဲ့သည်။

ထောက်ခံသူများက တာဝန်ယူမှု၊ တာဝန်ခံမှုအတွက် မှတ်ကျောက်တစ်ခုအဖြစ် ဥပဒေကိုသတ်မှတ်ကြပြီး အမှုလိုက်ပညာရှင်များလှုပ်ရှားမှုအဖွဲ့ (Prosecutors Alliance Action) ၏ ဒါရိုက်တာ ခရစ္စတင်းဆိုတိုဒီဘယ်ရီက “ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့်လူ့အဖွဲ့အစည်း၏ ယုံကြည်ကိုးစားမှုအတွက် အောင်မြင်မှုတစ်ခု” ဟု ဥပဒေအပေါ် မှတ်ချက်ပြုခဲ့သည်။

မျက်နှာဖုံးစွပ်၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာစီးနင်းစစ်ဆေးမှုများကြောင့် ယုံကြည်မှုပျက်ပြားခဲ့ပြီး မိသားစုများကို စိတ်ဒဏ်ရာခံစားစေခဲ့ကြောင်း၊ အချို့ကိစ္စများတွင် အများပြည်သူ၏လုံခြုံမှုကိုအန္တရာယ်ဖြစ်စေကြောင်း ကယ်လီဖိုးနီးယားပြည်နယ်အရာရှိများက ဆိုသည်။

ဥပဒေအတည်ပြုလက်မှတ်ရေးထိုးပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်နယ်အုပ်ချုပ်ရေးမှူးနီယူဆွမ်က “ဥပဒေစိုးမိုးရေးလုပ်ငန်းဆောင်ရွက်မည်ဆိုပါက မှတ်ပုံတင်ကဒ်ထုတ်ပြပါ။ မည်သည့်အဖွဲ့အစည်းကိုကိုယ်စားပြုကြောင်း ကျွန်တော်တို့ကို အသိပေးပါ။ ဒေသအတွင်း ဥပဒေစိုးမိုးရေး

ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အခြေခံအချက်အလက်များကိုပေးပါ”ဟု ပြောဆိုခဲ့ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2025/09/california-becomes-first-state-to-ban-masked-law-enforcement-operations/

## ဆူပူရန်ဖြစ်မှုသည် မိမိကိုယ်ကိုသတ်သေခြင်းကို အားပေးသည့်ပြစ်မှုမဟုတ်ကြောင်း အိန္ဒိယတရားရုံးချုပ် ဆုံးဖြတ်ခြင်း

ဒေါသအလျောက်ပြောဆိုခြင်း သို့မဟုတ် အချင်းချင်းလုံးထွေးသတ်ပုတ်ခြင်းသည် လူတစ်ဦး မိမိကိုယ်ကိုသတ်သေခြင်း IPC (Indian Penal Code) ပုဒ်မ ၃၀၆ ကို အားပေးကူညီသည့်ပြစ်မှု မဟုတ်ကြောင်းနှင့် ပြစ်မှုကျူးလွန်ခြင်းတွင် ရည်ရွယ်ချက်သည် အရေးကြီးကြောင်းထောက်ပြကာ အိန္ဒိယတရားရုံးချုပ်(The Supreme Court)က ၉-၉-၂၀၂၅ ရက်နေ့က ချမှတ်ခဲ့သည့်စီရင်ချက်တစ်ခုတွင် ဖော်ပြခဲ့သည်။

၂၀၀၈ ခုနှစ်က မိမိကိုယ်ကိုသတ်သေခဲ့သည့်ဆာရီကာ(Sarika)အမည်ရှိအမျိုးသမီး၏သေဆုံးမှု နှင့်ပတ်သက်၍ အိမ်နီးချင်းဖြစ်သောဂီတာ(Geeta)အား မိမိကိုယ်ကိုသတ်သေခြင်းကို အားပေးကူညီမှု IPC ပုဒ်မ ၃၀၆ အရ တရားစွဲဆိုကာ ပြစ်ဒဏ်ချမှတ်ခဲ့သည့်ကာနာတာကာတရားရုံးချုပ် (Karnataka High Court)အမိန့်ကို အိန္ဒိယတရားရုံးချုပ်(The Supreme Court)တရားသူကြီးများဖြစ်သော ဘီ.ဗွီ. နာဂါရက်သနာ (Justice B.V. Nagarathna) နှင့် ကေ.ဗွီ.ဗစ်ဝါနသန်(Justice K.V. Viswanathan) တို့၏ တရားခွင်မှပယ်ဖျက်ကာ ဂီတာအား အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ၊ကာနာတာကာပြည်နယ်တွင်နေထိုင်ပြီး ကျူရှင်များဦးဆောင်ဖွင့်လှစ်နေသော ကျောင်းသူဆာရီကာသည် အိမ်နီချင်းဖြစ်သူဂီတာနှင့် အကြီးအကျယ်စကားများရန်ဖြစ်ပြီးနောက် ၂၀၀၈ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် မိမိကိုယ်ကိုမီးရှို့၍သတ်သေခဲ့သည်။ ဂီတာသည် ဆာရီကာအား အဆက်မပြတ်စိတ်ဒုက္ခပေးခြင်း၊ မကြားဝံ့မနာသာစကားများပြောဆိုခြင်း၊ လက်မထပ်ရသေးသည့် ကိစ္စကို လှောင်ပြောင်ခြင်းများပြုလုပ်ခဲ့ကြောင်း မှတ်တမ်းများက ဖော်ပြခဲ့သည်။ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ဆာရီကာသည် မီးလောင်ဒဏ်ရာများကြောင့် သေဆုံးခဲ့သည်။

ဆာရီကာသေဆုံးမှုကြောင့် ဂီတာသည် မိမိကိုယ်ကိုသတ်သေခြင်းကို အားပေးကူညီမှု၊ Section 306 IPC ၊ SC/ST Act ပုဒ်မ ၃(၂)(ဗွီ) တို့အရ တရားစွဲဆိုခြင်းခံခဲ့ရပြီး ၂၀၁၁ ခုနှစ်တွင် ထောင်ဒဏ်များ

ချမှတ်ခံခဲ့ရသည်။ ယင်းအမိန့်များကို ဂီတာမှအယူခံဝင်ရောက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ကာနာတာကာ တရားရုံးမှ Section 306 IPC အရ ချမှတ်ခဲ့သည့်ပြစ်ဒဏ်ကိုလျှော့ချခဲ့ပြီး SC/ST Act ပုဒ်မ ၃(၂)(ဗွီ)အရ ချမှတ်ခဲ့သည့်ပြစ်ဒဏ်များကို အတည်ပြုခဲ့သည်။

SC/ST Act သည် ဇယားဝင် အမျိုးဇာတ်၊ မျိုးနွယ်စုများအပေါ် ယုတ်ညံ့စေသည့်ပြုလုပ်မှုများမှ ကာကွယ်သည့်အက်ဥပဒေ [Scheduled Castes and the Scheduled Tribes (Prevention of Atrocities) Act] ဖြစ်ပြီး ၁၉၈၉ ခုနှစ်က အိန္ဒိယနိုင်ငံတွင် ပြဋ္ဌာန်းခဲ့သည့်အက်ဥပဒေဖြစ်သည်။ ယင်းအက်ဥပဒေပုဒ်မ ၃(၂)(ဗွီ)တွင် ဇယားဝင် အမျိုးဇာတ်၊ မျိုးနွယ်စုများအပေါ် စာသား၊ စကားလုံး၊ အမူအရာတစ်ခုခုဖြင့် ယုတ်ညံ့စေသည့်ပြုလုပ်မှုကျူးလွန်ခြင်းကို ပြစ်မှုအဖြစ်သတ်မှတ်ဖော်ပြထားခြင်း ဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် တရားရုံးချုပ်(The Supreme Court of India)မှ Section 306 IPC မိမိကိုယ်ကို သတ်သေခြင်းကိုအားပေးကူညီမှုနှင့်ပတ်သက်၍ ပြစ်မှုအင်္ဂါရပ်နှင့်ငြိစွန်းခြင်းမရှိကြောင်း သုံးသပ်လျက် ဂီတာအား အမှုမှလွှတ်သည့်အမိန့်ချမှတ်ခဲ့သည်။ တရားရုံးချုပ်၏အမိန့်တွင် “အိမ်နီးချင်း အချင်းချင်း စကားများခြင်း၊ ရန်ဖြစ်ခြင်းသည် ယခင်ကတည်းက လူ့အဖွဲ့အစည်းအတွင်းရှိခဲ့သည့် အကြောင်းအရာ များဖြစ်ပြီး ထိုသို့စကားများရန်ဖြစ်ခြင်းသည် သေဆုံးသူကို မိမိကိုယ်ကိုသတ်သေရန် အားပေးကူညီမှုဟု မသတ်မှတ်နိုင်ကြောင်း၊ ဒေါသထွက်နေချိန်နှင့် စကားများရန်ဖြစ်နေချိန်တွင်ပြောဆိုသော ညစ်ညမ်း သည့်စကားလုံးများသည် မိမိကိုယ်ကိုသတ်သေရန် လှုံ့ဆော်သည့်စကားလုံးများ မဟုတ်ကြောင်း၊ သို့ရာတွင် နစ်နာသူကို မိမိကိုယ်ကိုသတ်သေစေရန် တွန်းအားပေးသည့်ရည်ရွယ်ချက်ဖြင့် ပြောဆို ပြုမူသည့်အကြောင်းအရာများမဖြစ်ရန် လိုအပ်ကြောင်း၊ Section 306 IPC အရ ပြစ်မှုတွင် ရည်ရွယ်ချက်သည် မရှိမဖြစ်လိုအပ်သည့်အချက်ဖြစ်ကြောင်း၊ တရားစွဲဆိုသူသည် ပြစ်မှုကျူးလွန်သူ၏ ဆောင်ရွက်ချက် သို့မဟုတ် ရည်ရွယ်ချက်ကို ရှင်းလင်းစွာသက်သေပြရန်လိုအပ်ကြောင်း၊ နစ်နာသူ၏ စိတ်ခံစားမှုသည် ပြစ်မှုမြောက်သည့်အချက်အလက်မဟုတ်ကြောင်း” ဖော်ပြခဲ့သည်။

အိန္ဒိယတရားရုံးချုပ်(The Supreme Court of India)၏စီရင်ချက်သည် မိမိကိုယ်ကိုသတ်သေခြင်းကိုအားပေးကူညီမှုဖြင့် စွဲဆိုသောမှုခင်းများတွင် စွပ်စွဲခံရသူ၏ရည်ရွယ်ချက် (Intention) နှင့် တိုက်ရိုက်လှုံ့ဆော်မှု (Direct Instigation) ရှိ၊ မရှိဆိုသည့်အချက်များကို ပိုမိုတင်းကျပ်စွာ ထည့်သွင်းစဉ်းစားရန်လမ်းညွှန်းထားပြီး သာမန်အချင်းများမှုများကို ဤကဲ့သို့သောကြီးလေးသည့်ပြစ်မှုဖြင့် အလွယ်တကူတရားစွဲဆိုခြင်းမှ ကာကွယ်ရန် ရည်ရွယ်ခဲ့ကြောင်း သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်များ

https://lawchakra.in/supreme-court/section-306-ipc-abetment-of-suicide/

https://www.indiacode.nic.in/bitstream/123456789/15338/1/scheduled_castes_and_the_scheduled_tribes.pdf

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

